## *Did you ever wonder….?*
## သင် စဉ်းစားကြည့်ဖူးပါသလား

ဒီကမ္ဘာကြီး၊ နေ နဲ့ လတို့ကို အဘယ်သူများပြုလုပ်ခဲ့ပါလဲ။ လှပတဲ့ပန်းမာလ် နဲ့ ငှက်ကျေးသာတကာတွေ၊ သစ်ပင်မျိုးစုံနဲ့ သားယဉ် သားရဲ တိရိစ္ဆာန်တွေ၊ အဲ့ဒီအရာခပ်သိမ်းကို ဘယ်သူကများပြုလုပ်ခဲ့ပါသလဲ။ လူသားတွေ ဘယ်အချိန်ကစတင်ဖြစ်ဖွားလာခဲ့တာလဲ စသဖြင့် သင်စဉ်းစားပြီး အံ့သြ နေမိပါလိမ့်မယ်။ ဘုရားသခင်ရဲ့ နှုတ်တော်ထွက်စကား၊ သမ္မာကျမ်းစာမှာ ပထမဦးဆုံးငေ **"အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူ၏။ (ကမ္ဘာဦးကျမ်း ၁း၁)"** လို့တွေ့ရပါတယ်။

သမ္မာကျမ်းစာ၏ပထမဦးဆုံးအခန်းကြီးတွင်ပင်လျှင် ဘုရားသခင်သည် လူသားနှစ်ဦးဖြစ်သော အာဒံနှင့် ၎င်း၏ဇနီးဖြစ်သူ ဧဝ တို့အားဖန်ဆင်းတော်မူခဲ့ပါသည်။ ထိုလူသား နှစ်ဦးမှတဆင့် လူသားမျိုးနွယ်တခုလုံးဖြစ်ပေါ်လာခဲ့ပါသည်။ အာဒံနှင့်ဧဝတို့မှာ သင်နှင့်ကျွန်ုပ်တို့၏ ဘိဘင် (မျိုးဆက်ပေါင်း ၂၀၀ မက ထိုထက်များသော) ဘိုးဘေးများပင်ဖြစ်တော့သည်။



ဘုရားသခင်သည် မိမိ၏စာအုပ် (သမ္မာကျမ်းစာ)တွင် မိမိသည် ဖြောင့်မတ်၍ တရားမျှတတော်မူကြောင်းကို **အကျွန်ုပ်တို့၏ဘုရားသခင်သည် ထာဝရဘုရားသည် ပြုတော်မူသမျှတို့၌ ဖြောင့်မတ်တော်မူ၏။ (ဒံယေလ၉း၁၄)** ဟုဖော်ပြတော်မူ၏။ ၎င်းမှာ ဘုရားသခင်သည်ပြုတော်မူသမျှတို့၌ မည်သည့်အခါမျှ လွဲချော်မှားယွင်းခြင်းမရှိဟု ဆိုလိုပါသည်။ ဘုရားသခင်သည် အပြစ်နှင့်

ကင်းစင်သောကြောင့် စဉ်းစားဆင်ခြင်တော်မူခြင်း၊ ဆုံးဖြတ်တော်မူခြင်း၊ တရားစီရင်တော်မူခြင်းတို့၌ စုံလင်တော်မူသည်။

## အပြစ်တရားဆိုတာ ဘာလဲ?

အပြစ်တရားဆိုတာကတော့ ဘုရားသခင်ကိုဆန့်ကျင်ခြင်းပါ။
ဘုရားသခင်လက်မခံနိုင်တဲ့ ကျွန်ုပ်တို့ရဲ့ တွေးကြံ၊ ပြောဆိုသမျှ၊
လုပ်ကိုင်သမျှတွေဟာကျွန်တော်တို့သိသည်ဖြစ်စေ မသိသည်ဖြစ်စေ
အားလုံးဟာအပြစ်ဘဲဖြစ်ပါတယ်။
သင့်ကိုယ်သင် ငါအပြစ်လုပ်ဖူးလားလို့ ပြန်မေးမယ်ဆိုရင် ဒီလိုမေးကြည့်ပါ။
ငါ မနာလိုဝန်တိုဖြစ်ဖူးလား
ငါ စိတ်ဆိုးဖူးလား
ငါ ခါးခါးသီးသီး မုန်းဖူးတီးလား
ငါ အတင်းပြောဖူးလား
ငါ လိမ်ဖူးလား
ငါ လူတစ်ဦးတစ်ယောက်ကို ကျိုးကြောင်းမသိဘဲ ဝေဖန်ဖူးလား
ငါ မိဘစကားနားမထောင်ဘဲ နေဖူးလား
တကယ်လို့ သင်ဟာ အထက်မှာပြောခဲ့တာတွေ တခုခုကိုလုပ်ဖူးခဲ့တယ်ဆိုရင် လူတစ်ဦးချင်းနဲ့ဆိုင်တဲ့အပြစ်ကို သင်လွန်ကျူးဖူးတယ်လို့ ဆိုရမှာပါ။ ဒီနေရာမှာ ဖေါ်ပြထားတာတွေဟာ အပြစ်လို့ဖေါ်ပြထားတဲ့အထဲက အနည်းငယ်ပါ။ ဘုရားသခင်မကြိုက်တဲ့ အခြားအရာတွေ တွေးနေ၊ ပြောနေ၊ လုပ်နေတာတွေ အများကြီးရှိပါသေးတယ်။
ဘုရားသခင်က လူတိုင်းဟာအပြစ်သားအဖြစ်နဲ့ မွေးဖွားလာကြတယ်လို့ ဆိုထားပြီးသားပါ။ ဒီလိုဆိုဘုရားသခင်နဲ့ သင်အငြင်းပွားနေမဲ့အစား (ဘုရားသခင်နဲ့ယှဉ်ပြီးမငြင်းတာ ပိုပညာရှိတဲ့လုပ်ရပ်ဆိုတာ သင်သိပြီးဖြစ်မှာပါ။) သင်လုပ်သင့်တာကတော့ ဘုရားသခင်ပြောတဲ့အတိုင်း သင်ဟာအပြစ်သားဆိုတာ လက်ခံဖို့ဘဲဖြစ်ပါတယ်။

**ကျမ်းစာလာသည်ကား၊ ဖြောင့်မတ်သောသူမရှိ၊ တစ်ယောက်မျှမရှိ။ (ရောမ၊၃း၁၀)**

**အဘယ်ကြောင့်နည်းဟူမူကား၊ လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင့်ရှေ့တော်၌ အသရေပျက်ကြပြီ။ (ရောမ၊၃း၂၃)**

လူသားတစ်စုံတစ်ယောက်မှ ဘုရားသခင်နဲ့ရင်းနှီးကျွမ်းဝင်နိုင်လောက်တဲ့အထိ မဖြောင့်မတ်ဘူးဆိုတာ သမ္မာကျမ်းစာထဲမှာရှိတဲ့ ဒီကျမ်းပိုဒ်တွေကပြောပြနေပါတယ်။ ဘုရားသခင်ကအပြစ်နဲ့ကင်းစင်တဲ့အရှင်ဖြစ်ပြီး ကျွန်တော်တို့ကအပြစ်သားတွေဖြစ်ကြပါတယ်။ အပြစ်သားတွေဖြစ်တဲ့ကျွန်တော်တို့အနေနဲ့ ဘုရားသခင်ရှိတဲ့ကောင်းကင်ကိုဝင်ဖို့မဖြစ်နိုင်သလို ဘုရားသခင်နဲ့ထာဝရဆက်နွယ်မှု မျိုးကိုလဲရရှိဖို့မဖြစ်နိုင်ပါဘူး။

တချို့ကပြောကြတယ် ဘုရားသခင်နဲ့ သူ့ရဲ့ကောင်းကင်က အပြစ်နဲ့ကင်းစင်တယ်၊ အရာရာပြည့်စုံတယ်။ ဟုတ်ပါပြီ။ ဒါပေမယ့် ငါလဲကိုယ့်ကိုကိုယ်ကောင်းအောင်ကြိုးစားရင် ဘုရားသခင်ကငါ့ကိုကောင်းကင်ကိုပေးဝင်ချင်မှာပေါ့ မဟုတ်ဘူးလားဆိုပြီးပြောကြတယ်။

ဒါက လူတွေမိမိကိုယ်ကိုကောင်းအောင်ကြိုးစားနေကြတဲ့ ဘာသာရေးကိုင်းရှိုင်းကြရတဲ့ အကြောင်းအရင်းတခုဖြစ်ပါတယ်။ ကိုယ့်ကိုကိုယ်ကောင်းအောင်လုပ်ပြီးဘုရားသခင်ကလက်ခံနိုင်အောင် ကြိုးစားနေကြတာပါ။ ဘာသာတရားကိုင်းရှိုင်းတာ၊ မိမိကိုယ်ကိုကောင်းအောင်နေတာ စတာတွေကလူ့အမြင်မှာတော့ကြည့်ကောင်းပါတယ်။ ဒါပေမယ့် ဘုရားသခင်ကအသေအချာရှင်းပြထားပါတယ်။ ကောင်းအောင်ဘယ်လောက်ဘဲကြိုးစားပါစေ ဘုရားသခင်လက်ခံနိုင်လောက်တဲ့အထိ ကောင်းတယ်ဆိုတာမရှိပါဘူး။

**အကျွန်ုပ်တို့ရှိသမျှသည် စင်ကြယ်ခြင်းမရှိပါ။**
**(ကျွန်ုပ်တို့အားလုံးသည်အပြစ်သားများဖြစ်ကြပါသည်)**
**ပြုဖူးသမျှသောကုသိုလ်ကောင်းမှုတို့ (ကောင်းသောအကျင့်နှင့်**
**ဘာသာတရားလိုက်စားလုပ်ဆောင်မှုတို့) သည် ညစ်သောအဝတ်နှင့် တူကြပါ၏။**
**အကျွန်ုပ်ရှိသမျှသည် သစ်ရွက်ကဲ့သို့ညှိုးနွမ်းလျက်ရှိ၍၊ ကိုယ်အပြစ်တို့သည်လေကဲ့သို့**
**အကျွန်ုပ်တို့ကိုတိုက်သွားပါပြီ။ (ဟေရှာယ၊၆၄း၆)**

ဒါဆို သင်ကပြောမယ်။ ဟုတ်ပြီ။ အဲ့လိုဆို ငါတို့လဲ ကောင်းကင်ရောက်အောင် ဘာလုပ်ရင် ရလဲပေါ့။ အဖြေက **ဘာမှလုပ်လို့မရနိုင်ပါဘူး။** ဒါပေမယ့် ဘုရားသခင်က သင့်ကိုသိပ်ချစ်တော့ သူနဲ့အတူကောင်းကင်မှာနေနိုင်ဖို့ သင့်အတွက် အားလုံးလုပ်ထားပေးပါတယ်။

## ဒါဆိုရင် ဘုရားသခင်က ဘာများလုပ်ပေးထားခဲ့ပါသလဲ?

ဘုရားသခင်က သူ့ရဲ့သားတော် ယေရှုခရစ်ကို ကျွန်တော်တို့အပြစ်တွေအတွက် ကိုယ်စားခံဖို့ ကောင်းကင်ကနေ ကမ္ဘာမြေကြီးကို စေလွှတ်ခဲ့ပါတယ်။ ဆိုလိုတာကတော့ ထာဝရကာလအထိအပြစ်ဒဏ်ခံရမဲ့ သင့်ရဲ့မွေးရာပါနဲ့လုပ်ထားခဲ့တဲ့ အပြစ်တွေအားလုံးအတွက် သခင်ယေရှုက သင့်နေရာဝင်ပြီးကားတိုင်ပေါ်မှာ အပြစ်ရဲ့ ဒဏ်ကိုခံယူခဲ့တာပါ။ တကယ်ဆိုရင် အာဒံကနေစပြီး နောက်ဆုံးလူသားအထိ လူသား အားလုံးရဲ့အပြစ်ဒဏ်ကို သခင်ယေရှုခံယူခဲ့တာပါ။ (ဘုရားသခင်က အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် အရာအားလုံးကိုသိမြင်တာဖြစ်တဲ့အတွက် လူသားအားလုံးပြုလုပ်မဲ့ အပြစ် တွေကို သိနေတာဖြစ်ပါတယ်။)




**ထိုသူသည် ငါတို့လွန်ကျူးသော အပြစ်များကြောင့်၊ နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်း ကိုခံရလေ၏။ ငါတို့၏ ငြိမ်သက်ခြင်း၊ ချမ်းသာကိုဖြစ်စေသော ဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်၍ (ဘုရားသခင်နှင့်**

**လူတို့စပ်ကြားတွင်ရှိနေသောအတားအဆီးကိုပြေပျောက်စေရန်)**
**သူခံရသောဒဏ်ချက်အားဖြင့် ငါတို့သည်အနာပျောက်လျက်ရှိကြ၏။ (ဟေရှာယ၊၅၃း၅)**

**ငါတို့သည် အပြစ်ရှိစဉ်ပင်၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့်**
**(ကျွန်ုပ်တို့ကိုယ်စား) အသေခံတော်မူသည်ဖြစ်၍၊ (အပြစ်စီရင်ခြင်းကိုခံ၍)**
**ဘုရားသခင်သည် ငါတို့ကို အဘယ်မျှ လောက်ချစ်တော်မူသည်ကို**
**ငါတို့အားထင်ရှားစွာ ပြတော်မူ၏။ (ရောမ၊၅း၈)**

**ဘုရားသခင်တစ်ဆူတည်းရှိတော်မူ၏။ ဘုရားသခင်နှင့် လူတို့၏ စပ်ကြားမှာ၊**
**လူဖြစ်သော ယေရှုခရစ်တည်းဟူသော (အလွန်ထူးခြားသော)**
**အာမခံတစ်ဦးတည်းရှိ၏။ ထိုအာမခံသည် လူအပေါင်းတို့ကို ရွေးအံ့သောငှါ**
**ကိုယ်ကိုကိုယ် စွန့်တော်မူပြီ။ ကာလအချိန်တန်မှ သက်သေခံခြင်းရှိ၏။**
**(၁ တိမောသေ၊၂း၅-၆)**

**ဒါဆို သခင်ယေရှုက ဘာဖြစ်လို့ ကားတိုင်ပေါ်မှာ တင်ပြီးသံနဲ့အရိုက်ခံခဲ့ရတာလဲ?**

လောကကို ယေရှုကြွလာမယ့်အကြောင်း ဂျူးလူမျိုးတွေကတဆင့် လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၀၀ ကျော်ကတည်းကသိခွင့်ရခဲ့ကြပါတယ်။ ပရောဖက်လို့ခေါ်တဲ့ သတင်းပေးသူတွေကိုသုံးပြီး ကယ်တင်ရှင်ကြွလာမယ့်အကြောင်း (ဟေဗြဲစကားနဲ့ ယေရှုရဲ့ အဓိပ္ပါယ်က ကယ်တင်ရှင်ဖြစ်ပါတယ်။) လူတွေကို ဘုရားသခင်က ကြိုတင်ပြောကြား ထားခဲ့ပါတယ်။

ဘုရားသခင်က အဲ့ဒီ ကယ်တင်ရှင်အားဖြင့် လူတွေကိုအပြစ်ကနေ ကယ်မယ်ဆိုတာ ကတိပေးထားခဲ့ပါတယ်။ သခင်ယေရှုမကြွလာမီ နှစ်ပေါင်း (၇၀၀) လောက်ကအသက်ရှင်ခဲ့တဲ့ ပရောဖက်ကြီးဟေရှာယကို ဘုရားသခင်ကအခုလိုရေးသား ထားစေခဲ့ပါတယ်။

**မိမိစိတ်ဝိညာဉ် ခံရသောဝေဒနာ၏အကျိုးကိုမိမိမြင်၍ အားရလိမ့်မည်။ ထိုဖြောင့်မတ်သော ငါ၏ကျွန်ကို သိကျွမ်းခြင်းအားဖြင့်၊ သူသည်အများသောသူတို့ကို ဖြောင့်မတ်ရာ၌တည်စေလိမ့်မည်။ သူတို့၏အပြစ်ကို ကိုယ်တိုင်ဆောင်ရွက်ရ၏။ (ဟေရှာယ၊ ၅၃း၁၁)**

အခြားပရောဖက်တွေကလဲ ယေရှုဟာ အပျိုကညာကနေမွေးဖွားမယ်။ ဒါဝိဒ်ရဲ့ မျိုးနွယ်က ဆင်းသက်မယ်။ ဗက်လင်မြို့မှာဖွားမြင်မယ်။ မကျန်းမာသူတွေကို ကျန်းမာစေမယ်။ နားပင်းသူတွေကို ကြားစေမယ်။ မျက်စိကန်းသူတွေကို မြင်စေမယ်။ သေတဲ့သူတွေကို ပြန်အသက်ရှင်စေမယ်။ ပြီးတော့ လက်ဝါးကပ်တိုင်မှာရိုက်ထားခြင်း ခံရမယ်။ အသေခံပြီး သုံးရက်မြောက်တဲ့နေ့မှာ ရှင်ပြန်ထမြောက်မယ်ဆိုတဲ့ ပရောဖက်ပြုချက်တွေကိုပြောဆိုခဲ့ကြတယ်။ ဒါတွေအားလုံး သခင်ယေရှုခရစ်မှာ အမှန်တကယ်ပြည့်စုံလာခဲ့ပါတယ်။

သခင်ယေရှု အသက် (၃၀) ရောက်တဲ့အချိန်မှာ နိမိတ်လက္ခဏာတွေစတင်ပြုခဲ့ ပါတယ်။ သူဟာကယ်တင်ရှင်ဖြစ်သလို အစ္စရေးလူမျိုးတွေရဲ့ရှင်ဘုရင်ဖြစ်လာမယ့်သူ ဆိုတာကိုလဲ ကြေငြာခဲ့ပါတယ်။ ခရစ်တော်ဆိုတဲ့စကားကတော့ ဟေဗြဲဘာသာစကားနဲ့ မေရှိယဖြစ်ပြီး ဘိသိတ်ပေးခြင်းခံရသူ ဆိုတဲ့အဓိပ္ပါယ်ပါ။ အဲ့ဒီခေတ်အခါက ဘာသာရေးကိုင်းရှိုင်းတဲ့ ဂျူးလူမျိုးတွေက ခရစ်တော်ရဲ့ ကျေးဇူးတရားနဲ့ ကယ်တင်ခြင်းကိုရောက်ရတယ်ဆိုတာ လုံးဝမနှစ်မြို့ကြပါဘူး။ ဒါ့အပြင် ဓမ္မဟောင်းကျမ်းမှာ ရေးထားတဲ့အတိုင်း ယေရှုဟာ ကယ်တင်ရှင်မေရှိယဖြစ်တယ် ဆိုတာ ယုံကြည်တဲ့သူတွေများလာတာကိုလဲ မနာလိုဖြစ်ကြပြန်တယ်။ ဒီလိုနဲ့ ဘာသာရေးခေါင်းဆောင်တွေက သခင်ယေရှုကို သတ်ဖို့စီစဉ်လာကြပါတော့တယ်။ ဘုရားသခင်ရဲ့ နာမတော်ကိုစော်ကားတယ်ဆိုပြီး လူထုရဲ့ဆူပူအုံကြွမှု (အစိုးရလက်ထဲ အပ်နိုင်ဖို့ ဒီစွဲချက်ကိုတင်တာဖြစ်ပါတယ်။) ကိုဖြစ်စေတယ်လို့ စွပ်စွဲကြပါတော့တယ်။

အတုအယောင်သက်သေတွေကြောင့် သခင်ယေရှုဟာ တရားမျှတမှုမရှိဘဲ ကားတိုင်မှာ တင်ရိုက်ခြင်းခံခဲ့ရပါတယ်။ ကားတိုင်တင်တယ်ဆိုတာကတော့အဲဒီခေတ်ကဆိုးဝါးတဲ့ သေဒါဏ်စီရင်ခြင်းဖြစ်ပါတယ်။ တကယ်တော့ ဒါတွေအားလုံးဟာ ဘုရားသခင်ရဲ့ အကြံအစီတော်ဖြစ်နေခဲ့တာပါ။ သမိုင်းတလျှောက်လုံးမှာ အရေးကြီးဆုံးနေ့ တနေ့

ဖြစ်လာမယ်နေ့ရက်မှာဘဲ လူသားအားလုံးရဲ့အပြစ်တွေကို သခင်ယေရှုအပေါ် တင်ပြီး အားလုံးရဲ့ကိုယ်စားအပြစ်ပေးခဲ့တာပါ။

လူသားအားလုံးရဲ့ကိုယ်စားအပြစ်ဒဏ်ခံယူပြီးတဲ့အခါအမှုပြီးပြီလို့သခင်ယေရှုကြွေးကြော်ခဲ့ပါတယ်။ ပြီးတာနဲ့ ခေါင်းကိုငိုက်စိုက်ချပြီး သူ့ရဲ့ဝိညာဉ်နဲ့ အသက်ကိုသူကိုယ်တိုင်ဘဲ စွန့်လွှတ်ခဲ့ပါတယ်။ အမှုပြီးပြီလို့ သခင်ယေရှုကြွေးကြော်ခဲ့တာဟာ လူသားအားလုံးရဲ့ အပြစ်ကြွေးကိုပေးချေပြီးကြောင်း ပြသခဲ့တာဖြစ်ပါတယ်။

**ငါတို့သည် အပြစ်နှင့်ဆိုင်သောအရာ၌ အသေဖြစ်၍၊**
**ဖြောင့်မတ်ခြင်းအရာ၌ အသက်ရှင်စေမည် အကြောင်း၊**
**ငါတို့အပြစ်များကို ကိုယ်တော်တိုင် သစ်တိုင်မှာခံတော်မူပြီ။**
**ဒဏ်ချက်တော်များအားဖြင့် သင်တို့သည် အနာပျောက်လျက်ရှိကြ၏။**
(ဘုရားသခင်နှင့် ရန်ငြိမ်းခြင်းရှိကြ၏။) **(၁ပေ၊၂း၂၄)**

**ထိုသခင်(ခရစ်တော်)သည် ငါတို့၏အပြစ်မက၊ လောကီသားအပေါင်းတို့၏ အပြစ်ဖြေစရာအကြောင်း(လက်ဝါးကပ်တိုင်တွင်မိမိ၏အသက်စွန့်တော်မူခြင်းသည် ဘုရားနှစ်သက်ရာယဇ်) ဖြစ်တော်မူ၏။ (၁ယော၊၂း၂)**

ကမ္ဘာကြီးရဲ့အပြစ်ကြွေးတွေကိုပေးချေပြီး၊ အပြစ်ဒဏ်စီရင်ပြီးသွားတဲ့အချိန်မှာ ဘုရားသခင်ရဲ့ ပြီးပြည့်စုံတဲ့ဖြောင့်မတ်ခြင်းက တောင်းဆိုတဲ့သတ်မှတ်ချက်ကို အပြစ်လုံးဝကင်းစင်တဲ့ယဇ်ကောင်အားဖြင့် ရယူနိုင်သွားပါတယ်။ အဲဒီအချိန်ကစပြီး သခင်ယေရှုရဲ့ ပြီးပြည့်စုံတဲ့ ဖြောင့်မတ်ခြင်းကို ယုံကြည်သူတိုင်း(သူ့ကို)ရရှိ သွားတာ ဖြစ်ပါတယ်။

*ဒီလိုဆိုရင် သင်ကမေးမယ် သခင်ယေရှုကိုယုံကြည်တာနဲ့ ကျွန်တော်တို့က ဘယ်လိုလုပ် ကောင်းကင်ရောက်သွားနိုင်တာလဲ?*

သင်ဟာသခင်ယေရှုကိုယုံကြည်မယ်၊ သင့်ရဲ့အပြစ်တွေကိုယူဆောင်သွားပြီး အပြစ်ရဲ့ဒဏ်တွေကို ဖြေရှင်းသွားတယ်ဆိုတာကိုယုံကြည်မယ်လို့ဆုံးဖြတ်တာနဲ့ ကိုယ့်ကြိုးစားကျင့်ကြံမှုတွေကြောင့်မဟုတ်ဘဲ (ဘုရားသခင်အတွက်ညစ်သောအဝတ်နဲ့တူတဲ့အရာ) ဘုရားသခင်အားဖြင့်ဘဲ (ဘုရားသခင်ပေးလိုက်တာ) ရောက်ရှိနိုင်တာဖြစ်တယ်လို့ (စုံလင်တဲ့ဖြောင့်မတ်ခြင်း) ယုံကြည်လိုက်ခြင်းဘဲဖြစ်ပါတယ်။

**အကျင့်မရှိသောသူမည်သည်ကား** (ဘာသာတရားအကျင့်များကိုကျင့်လျှက်ဘုရားသခင်ကျေနပ်စေရန်ကျိုးစားသော)၊ **မတရားသောသူ၏အပြစ်ကိုဖြေသောသူကိုယုံကြည်လျှင်၊ သူ၏ယုံကြည်ခြင်းကို(သခင်ယေရှုကိုယုံကြည်ခြင်း)ဖြောင့်မတ်ခြင်းကဲ့သို့** (သန့်ရှင်းသကဲ့သို့) **မှတ်လျက်ရှိ၏။ (ရောမ၊၄း၅)**




သခင်ယေရှုကိုယုံကြည်ခြင်းအားဖြင့် ဘုရားသခင်ကသင့်ကိုဖြေလျှော့ပေးလိုက်ပါတယ်။ ဆိုလိုတာက သူ့ရဲ့ရှေ့မှာ သင်ဟာဖြောင့်မတ်တယ်လို့ သတ်မှတ်ပေးလိုက်တာဖြစ်ပါတယ်။ အဲဒီလိုသတ်မှတ်ပေးလိုက်ခြင်းက အခုဆို သင်ဟာဘုရားသခင်နဲ့အတူဆက်နွှယ်ခွင့်ရရှိပြီး ကောင်းကင်နိုင်ငံကိုဝင်လို့ရပြီလို့အသိအမှတ်ပြုပေးလိုက်တာပါ။ ဒါတွေအားလုံးဟာကိုယ့်ရဲ့လုပ်ဆောင်ချက်တခုမှမပါဘဲ ဘုရားသခင်လုပ်ပေးတာဘဲလို့ယုံကြည်ဝန်ခံခြင်းကနေရလာတာဖြစ်ပါတယ်။

**ထိုကြောင့်၊ ငါတို့သည်ယုံကြည်ခြင်းရှိ၍ဖြောင့်မတ်ရာသို့ရောက်လျှင်၊ ငါတို့သခင်ယေရှုခရစ်အားဖြင့် ဘုရားသခင့်ရှေ့တော်၌ ငြိမ်သက်ခြင်း** (ရန်ငြိမ်းခြင်း) **ကိုခံစားကြ၏။ (ရောမ၊၅း၁)**

**အဘယ်ကြောင့်နည်းဟူမူကား၊ ဘုရားသခင်သည် အပြစ်နှင့်ကင်းစင်သောသူကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူဖြစ်စေတော်မူ၏။ အကြောင်းမူကား၊ ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်သောသူဖြစ်မည်အကြောင်းတည်း။ (၂ကော၊၅း၂၁)**

*သခင်ယေရှုကို ကယ်တင်ရှင်အဖြစ်* ***မယုံဘူးဆိုရင်****ဘာဖြစ်မှာလဲလို့ သင်က မေးကောင်းမေးမယ်ဆိုရင်?*

သခင်ယေရှုကိုယုံကြည်ဖို့ သင်မရွေးချယ်ဘူးဆိုရင် ဘုရားသခင်ရဲ့ပလ္လင်တော်ရှေ့မှာ တရားစီရင်ခံရမှာဖြစ်တယ်လို့ သမ္မာကျမ်းစာမှာ အသေအချာပြောထားပါတယ်။ ဒီတရားစီရင်ခြင်းကတော့ ကမ္ဘာအဆုံးမှာဖြစ်လာမယ့်ဖြစ်ရပ်တခုပါ။ သခင်ယေရှုကို မယုံကြည်သူတွေရဲ့ဝိညာဉ်တွေအားလုံးကို ဘုရားသခင်ကသူ့ရဲ့ ရှေ့တော်မှာ စုဝေးစေမှာဖြစ်ပါတယ်။ အဲဒီဝိညာဉ်တွေအားလုံးဟာ ဘုရားသခင်ရဲ့ ချစ်ခြင်းမေတ္တာနဲ့ ကျေးဇူးတော်အားဖြင့်လုပ်ဆောင်ပေးခဲ့တဲ့ ကယ်တင်ခြင်းကို ငြင်းပယ်တာ၊ ပြီးတော့ သူတို့မှာဘုရားသခင်လက်ခံနိုင်တဲ့ ပြီးပြည့်စုံတဲ့ဖြောင့်မတ်ခြင်း မရှိတာကြောင့် ထာဝရမီးငရဲအိုင်ထဲကိုဆင်းသက်ဖို့အပြစ်စီရင်ခြင်း ကိုခံရမှာဖြစ်ပါတယ်။

**သေလွန်သောသူအကြီးအငယ်တို့သည် ပလ္လင်တော်ရှေ့မှာရပ်နေကြသည်ကိုငါမြင်၏။ စာစောင်များကိုဖွင့်ထား၏။ အသက်စာစောင်တည်းဟူသော အခြားတပါးသော စာစောင်ကိုလည်းဖွင့်လေ၏။ ... ... သေလွန်သောသူတို့သည် မိမိတို့အကျင့်အတိုင်း၊ စာစောင်တို့၌ ရေးထားချက်များနှင့်အညီ တရားစီရင်ခြင်းကိုခံရကြ၏။ အသက်စာစောင်၌ စာရင်းမဝင်သောသူရှိသမျှတို့ကိုလည်း** (ယေရှုခရစ်တော်ကိုယုံကြည်သောသူရှိသမျှတို့၏အမည်များသည်အသက်စာစောင်၌ရေးထားခြင်းကိုခံရ၏) **မီးအိုင်ထဲသို့ ချပစ်လေ၏။ (ဗျာ၊၂၀း၁၂၊၁၅)**

**အဘယ်သို့နည်းဟူမူကား၊ သခင်ယေရှုသည် တန်ခိုးရှိသောကောင်းကင်တမန်တို့နှင့် အတူ၊ ကောင်းကင်ဘုံက ပေါ်ထွန်းတော်မူ၍၊ ဘုရားသခင်ကိုမသိသောသူ၊ ငါတို့သခင်ယေရှုခရစ်၏ ဧဝံဂေလိတရားကို နားမထောင်သောသူတို့ကို မီးလျှံအားဖြင့် ဒဏ်ပေးတော်မူသောအခါ၊ သင်တို့ကို ဆင်းရဲစေဘူးသောသူတို့၌ ဆင်းရဲခြင်းကိုဎင်း၊ ဆင်းရဲခံဘူးသောသင်တို့၌ ငါတို့နှင့်အတူ ချမ်းသာခြင်းကိုဎင်း၊ ဘုရားသခင်ဆပ်ပေး၍ တရားသဖြင့် စီရင်တော်မူလိမ့်မည်။ (၂သက်၊၁း၈-၉)**

ဘာဘဲပြောပြော သခင်ယေရှုခရစ်ကိုသင်ယုံကြည်တယ်ဆိုရင်တော့ ကန့်နဲ့လောင်တဲ့ မီးငရဲအိုင်ထဲကိုမသွားရဘူးဆိုတဲ့ ဘုရားသခင်ရဲ့ကတိတော်တွေအပေါ်မှာ စိတ်ချမှု အပြည့်ရှိနိုင်ပြီးတော့ ဘုရားသခင်နဲ့အတူ ကောင်းကင်နိုင်ငံတော်မှာထာဝရအတူ နေရမှာဖြစ်ပါတယ်။ သခင်ယေရှုမှာဘဲ သင့်အတွက်ထာဝရအသက်ရှိတယ်ဆိုတာ သမ္မာကျမ်းစာချက်ပေါင်းရာထောင်ချီရှိပြီးအာမခံချက်ပေးထားပါတယ်။ ဥပမာအနည်းငယ်ထပ်ပြီးပေးပါရစေ။

**ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်ဆီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌တပါးတည်းသောသားတော်ကို** (အပျိုကညာမှဖွားမြင်ခြင်း၊ မိမိကြွလာတော်မူမည့်အကြောင်းကို ဖရောဖက်များအားဖြင့်ကြိုတင်ဖေါ်ပြခြင်း) **စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။ (ယော၊၃း၁၆)**

**ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ရ၏။** (ကယ်တင်ခြင်းသို့) **ကိုယ်အလို အလျောက်ရောက်သည်မဟုတ်။ ဘုရားသခင် သနားတော်မူရာ ဖြစ်သတည်း။ ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ ရောက်သည်မဟုတ်။ သို့ဖြစ်၍ အဘယ်သူမျှ ဝါကြွားစရာအခွင့်မရှိ။ (ဖေက်၊ ၂း၈-၉)**

**သားတော်ကို** (ယေရှုခရစ်ကို) **ယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏။ သားတော်ကို ပယ်သောသူမူကား** (သားတော်ကိုယုံကြည်ရန်ဘုရားသခင်မိန့်တော်မူသည်ကို) **အသက်ကိုမတွေ့ရ။**

ထိုသူ၏အပေါ်၌ ဘုရားသခင်၏အမျက်တော် တည်နေသည်ဟု ယောဟန်ဟော
ပြောလေ၏။ (ယော၊၃း၃၆)

ယေရှုက၊ ငါသည်လမ်းခရီးဖြစ်၏၊ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။
ငါ့ကိုအမှီ မပြုလျှင်အဘယ်သူမျှ ခမည်းတော်ထံသို့မရောက်ရ။ (ယော၊၁၄း၆)

ထိုသခင်၏နာမတော်မှတပါး ငါတို့ကိုကယ်တင်နိုင်သော နာမတစုံတခုမျှ
ကောင်းကင်အောက် လူတို့တွင်မပေါ်မရှိဟု ပေတရုသည် ထိုသူတို့အားမြွက်ဆို၏။
(တမန်၊ ၄း၁၂)

အဘယ်သို့နည်းဟူမူကား၊ သင်တို့အပေါင်းသည်
ယေရှုခရစ်ကို ယုံကြည်သဖြင့် ဘုရားသခင်၏သား ဖြစ်ကြ၏။ (ဂလာတိ၊၃း၂၆)

ဘုရားသခင်ကယ်လွှတ်တော်မူသောကြောင့် ယေရှုခရစ်၌တည်၍၊
ဇာတိပကတိအတိုင်းမကျင့်၊ ဝိညာဉ်ပကတိအတိုင်း ကျင့်သောသူတို့သည်
အပြစ်စီရင်ခြင်းနှင့်လွတ်ကြ၏။ (ရောမ၊ ၈း၁)

သခင်ယေရှုခရစ်ကိုယုံကြည်လော့။ ယုံကြည်လျှင်
ကယ်တင်ခြင်းသို့ရောက်ကြလိမ့်မည်။ (တမန်၊၁၆း၃၁(က))